ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

ရုံးအမိန့်

အမှတ်။ ၂၂၂။ ရက်စွဲ၊ ၂၄-၁၀-၂၀၁၇

အကြောင်းအရာ။ အရည်အချင်းစစ်စာမေးပွဲကျင်းပရန်ကိစ္စ။

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀-၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) အရ နိုင်ငံခြားတိုင်းပြည်များမှ အောက်ဖော်ပြပါ စာရင်းပညာဆိုင်ရာလက်မှတ် ရရှိထားသည့်နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် အရည်အချင်းစစ်စာမေးပွဲကျင်းပမည်ဖြစ်ပါသည်-

(က) ACCA ၏စာမေးပွဲအားလုံး အောင်မြင်ပြီးသူများ

(ခ) CIMA ၏စာမေးပွဲအားလုံး အောင်မြင်ပြီးသူများ

(ဂ) အထက်အပိုဒ်ခွဲ (က)၊ (ခ) တို့နှင့် အဆင့်တူသော နိုင်ငံခြားစာရင်းပညာဆိုင်ရာ လက်မှတ်ရရှိထားသူများ

၂။ အရည်အချင်းစစ်စာမေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

စဉ်	ရက်စွဲ	အချိန်	ဘာသာရပ်
(က)	၁၇-၁-၂၀၁၈	၁၀း၀၀ နာရီ မှ ၁၃း၀၀ နာရီထိ	Commercial & Industrial Laws
(ခ)	၁၈-၁-၂၀၁၈	၁၀း၀၀ နာရီ မှ ၁၃း၀၀ နာရီထိ	Taxation
(ဂ)	၁၉-၁-၂၀၁၈	၁၀း၀၀ နာရီ မှ ၁၃း၀၀ နာရီထိ	Practical Auditing I & II

၃။ Commercial & Industrial Laws နှင့် Taxation ဘာသာရပ်များကို မြန်မာဘာသာဖြင့်လည်းကောင်း၊ Practical Auditing I & II ဘာသာရပ်ကို English ဘာသာဖြင့်လည်းကောင်း ဖြေဆိုရပါမည်။ စာမေးပွဲသင်ရိုးညွှန်းတမ်းကို ပူးတွဲဖော်ပြထားပါသည်။

၄။ သတ်မှတ်အရည်အချင်းပြည့်မီသော အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုလိုသူများသည် အထက်အပိုဒ် (၂) ပါ လိပ်စာတွင် လျှောက်လွှာကြေး ကျပ် ၁,၀၀၀၊ စာမေးပွဲကြေး ကျပ် ၁၀၀,၀၀၀ ပေးသွင်း၍ ၆-၁၁-၂၀၁၇ နေ့မှ ၁၇-၁၁-၂၀၁၇ နေ့အတွင်း လျှောက်ထားနိုင်ပြီး ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို ၃၀-၁၁-၂၀၁၇ နေ့တွင် ထုတ်ပြန်ကြေညာပါမည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ခင့်စန်းဦး၊ အတွင်းရေးမှူး)
ရက်စွဲ၊ ၂၄ -၁၀-၂၀၁၇

စာအမှတ်၊မစက/၁၁၅/ (၇၅၄/၂၀၁၇)
ဖြန့်ဝေခြင်း
ကြော်ငြာသင်ပုန်း

မိတ္တူ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
ရုံးလက်ခံ/ မျှော